# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 10, 2020 Volume 28, Number 6


## ဘဏ္ဍာနှစ်လေးလခန့်တွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု ဒေါ်လာ ၁ ဒသမ ၁ ဘီလျံကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ ကျော် ပိုမိုတင်ပို့ထား

လက်ရှိဘဏ္ဍာနှစ် လေးလခန့်တွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု ဒေါ်လာ ၁ ဒသမ ၁ ဘီလျံကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၁၂၀ ကျော် ပိုမိုတင်ပို့ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၂၄ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၉ ဘီလျံရှိသည်။ ယခင်နှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၃ ဘီလျံသာရှိသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် လေးလခန့်တွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုသည် ယခင်နှစ်ကာတူထက် အမေရိကန်ဒေါ်လာ ၁၂၅ ဒသမ ၇၆၉ သန်း ပိုမိုတင်ပို့ထားကြောင်းသိရသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀- ၂၀၂၅ တွင်လည်း အဓိကဦးစားပေး ကဏ္ဍများအဖြစ် လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှု ကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ၊ တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ သည်တို့ပါဝင်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ အဓိကတင်ပို့နေသည့် ပို့ကုန်များမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော (CMP) တို့ဖြစ်ပြီး အခြားကုန်စည်များကိုလည်း တင်ပို့နေခြင်းဖြစ်သည်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းကုန်သွယ်မှုပမာဏဒေါ်လာ ၃၄ ဘီလျံရရှိရန်ခန့်မှန်းထားပြီး ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၁၈ ဘီလျံအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ရှိ Fortune Plaza ၌ ပြုလုပ်သည့် “ Myanmar Enterpreneurship Summit 2019” တွင် မီဒီယာများ၏ မေးမြန်းမှုကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ “ ဒီနှစ်အတွက် သိပ်မများပါဘူး။ ကုန်သွယ်မှုက ဒေါ်လာ ၃၄ ဘီလျံလောက် မှန်းထားတယ်။ ပို့ကုန်ပိုင်းကတော့ ဒေါ်လာ ၁၈ ဘီလျံလောက် မှန်းထားတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

Source: https://news-eleven.com/article/158530

**၁၀.၂.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၇၁/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၉၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၅၀/- ကျပ် |
| CBM Rate | = ၁၄၅၀.၇၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၈.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၄၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၀.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၁.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၁.၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၀၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၄၉.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၃၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## GAP ထုတ်ကုန်များကို နိုင်ငံတကာမှ ဝယ်ယူမှုများလာခြင်းကြောင့် မြန်မာနိုင်ငံမှစိုက်ပျိုးရေးထုတ်ကုန်များ နိုင်ငံတကာဈေးကွက်တင်ပို့ရာတွင် စံချိန်စံညွှန်းပြည့်မီရေးအတွက် မြန်မာ့ GAP စံချိန်စံညွှန်းရေးဆွဲလျက်ရှိ

GAP (Good Agriculture Practices- GAP) ထုတ်ကုန်များကို နိုင်ငံတကာမှ ဝယ်ယူလိုမှုများလာခြင်းကြောင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်တင်ပို့ရာတွင် စံချိန် စံညွှန်းပြည့်မီရေးအတွက် မြန်မာ့ GAP စံချိန်စံညွှန်းရေးဆွဲလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ သီးနှံများအတွက် မြန်မာ့ GAP စံချိန်စံညွှန်း (နောက်ဆုံးမူကြမ်း) ရေးဆွဲထားခြင်းအပေါ် ဖြည့်စွက်ညှိနှိုင်းအစည်းအဝေးတွင် ပြည်တွင်းစားသုံးသူများ အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝရေးဦးစားပေး ဆောင်ရွက်မှုနှင့်အတူ စိုက်ပျိုးရေးထွက်ကုန်များ နိုင်ငံတကာဈေးကွက်တင်ပို့ရာတွင် လိုအပ်သည့် စံချိန်စံညွှန်းပြည့်မီရေးအတွက် မြန်မာ့ GAP သည် အခြေခံဖြစ်ပြီး၊ မြန်မာ့ GAP စံချိန်စံညွှန်းရေးဆွဲရာတွင် တောင်သူများနှင့်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များ ရိုးရှင်းစွာသိရှိစေရန်နှင့် လွယ်ကူစွာလိုက်နာကျင့်သုံးနိုင်စေရန် အကောင်းဆုံးသုံးသပ်ဆောင်ရွက်ထားရှိကြောင်း၊ ပြည်တွင်းစားသုံးမှုတွင် ဘေးအန္တရာယ်ကင်းသည့် အစားအစာများထုတ်လုပ်ရန်လိုအပ်လာခြင်း၊ GAP ထုတ်ကုန်များတွင် နိုင်ငံတကာက ဝယ်ယူလိုမှုများလာခြင်းတို့ကြောင့် မြန်မာ့ GAP စံချိန်စံညွှန်း (နောက်ဆုံးမူကြမ်း)ကို အမြန်ဆုံး အကောင်အထည်ဖော်ရေးဆွဲပြီး အတည်ပြုနိုင်ရေးနှင့် တရားဝင်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က ပြောကြားသည်။



သီးနှံများ စိုက်ပျိုးရန် မြေစတင်ရွေးချယ်ချိန်မှ စားသုံးသူများလက်ဝယ်ရောက်ရှိသည်အထိ စိုက်ပျိုးထုတ်လုပ်မှု အဆင့်တိုင်းတွင် သီးနှံများ၌ ဓာတုဆေးများ၊ ညစ်ညမ်းမှုများ၊ ကူးစက်မှုများသည့် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်သော အလေ့အကျင့်ကောင်းများပါဝင်သည့် မြန်မာ့ GAP (Good Agriculture Practices) စံချိန်စံညွှန်းကို အစားအစာများအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သီးနှံများ၏အရည်အသွေးပြည့်ဝစေရေး၊ စိုက်ပျိုးလုပ်ကိုင်နေကြသည့် လုပ်သားများကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝသာယာရေးတို့ကို အခြေခံရေးဆွဲထားခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ တွင် စပါး၊ ပဲမျိုးစုံနှင့် ပြောင်းအပါအဝင် သီးနှံများကို GAP (Good Agriculture Practice) စိုက်နည်းစနစ်ဖြင့်စိုက်ပျိုးပြီး ပြည်ပတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသိရသည်။ ပြည်တွင်း၌ GAP (Good Agriculture Practice) စနစ်ဖြင့် စိုက်ပျိုးထားသော ကော်ဖီများသည် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်နေပြီဖြစ်ပြီး အရည်သွေးမြင့်ထုတ်ကုန်များထုတ်လုပ်ရန်အတွက် ကုန်ထုတ်လုပ်နိုင်မှုစွမ်းအား (Productivity) ကိုသာ ဆောင်ရွက်ရန်လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

မြန်မာနိုင်ငံ၏ အများဆုံးစားသုံးသီးနှံနှင့် ပြည်ပပို့ကုန် အများဆုံးသီးနှံများဖြစ်သည့် သရက်၊ ကျွဲကော၊ သခွားမွေး၊ ဖရဲ၊ ထောပတ်သီး၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ ဂေါ်ဖီထုပ်၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ (ပဲတီစိမ်း၊ မတ်ပဲ၊ ပဲလွန်း)၊ နှမ်း၊ မြေပဲ၊ စပါးနှင့်ကော်ဖီစသည့် သီးနှံ ၁၅ မျိုး၏ GAP ကျင့်စဉ်များကို ထုတ်ပြန်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းသိရသည်။ အများပြည်သူဘေးအန္တရာယ်ကင်းရှင်းပြီး အဟာရပြည့်ဝသောသီးနှံများ စားသုံးနိုင်ရန်နှင့် ပြည်တွင်း/ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန်အတွက် တောင်သူလယ်သမားများ အပါအဝင် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအနေဖြင့် မြန်မာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်စဉ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/158554

## မြန်မာနိုင်ငံတစ်ဝန်း ပုဂ္ဂလိကစက်သုံးဆီဆိုင်ပေါင်း ၂၆၈၁ ဆိုင်အထိရှိလာပြီး မန္တလေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်၊ မကွေးတိုင်းဒေသကြီးတို့တွင် စက်သုံးဆီဆိုင် ၁၇၅၀ ကျော်ရှိ




မြန်မာနိုင်ငံတစ်ဝန်း ပုဂ္ဂလိကစက်သုံးဆီပေါင်း ၂၆၈၁ ဆိုင်အထိရှိလာပြီး မန္တလေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရန်ကုန်၊ မကွေးတိုင်းဒေသကြီးတို့တွင် စက်သုံးဆီဆိုင် ၁၇၅၄ ဆိုင်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီမှဒီဇင်ဘာအထိ စက်သုံးဆီဆိုင် ၂၉၀ ကျော် ခွင့်ပြုခဲ့ပြီး တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိက စက်သုံးဆီဆိုင် ၂၆၈၁ ဆိုင်အထိရှိလာကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့် လိုင်စင်ထုတ်ပေးထားသော စာရင်းများအရသိရသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ ပုဂ္ဂလိကစက်သုံးဆီဆိုင် ၂၃၈၉ ဆိုင် ခွင့်ပြုထားရာမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်စာရင်းများအရ စက်သုံးဆီဆိုင်ပေါင်း ၂၆၈၁ ဆိုင်အထိခွင့်ပြုခဲ့ရာ တစ်နှစ်အတွင်း စက်သုံးဆီဆိုင် ၂၉၂ ဆိုင် လိုင်စင်ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အများအလိုက် စက်သုံးဆီဖြန့်ဖြူး ရောင်းချခွင့်လိုင်စင် ထုတ်ပေးထားသော စက်သုံးဆီဆိုင်များမှာ ပြည်ထောင်စုနယ်မြေတွင် ၉၅ ဆိုင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၈၇ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် ၆၅၅ ဆိုင်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၁၃ ဆိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၆၇ ဆိုင်၊ မကွေးတိုင်းဒေသကြီးတွင် ၁၉၃ ဆိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၃၉ ဆိုင်၊ တနင်္သာရီတိုင်းဒေသကြီး၌ ၃၀ ဆိုင်၊ ကချင်ပြည်နယ်တွင် ၁၂၀ ဆိုင်၊ ကယားပြည်နယ်တွင် ၁၈ ဆိုင်၊ ကရင်ပြည်နယ်၌ ၅၂ ဆိုင်၊ ချင်းပြည်နယ်တွင် ငါးဆိုင်၊ မွန်ပြည်နယ်တွင် ၁၃၇ ဆိုင်၊ ရခိုင်ပြည်နယ်တွင် ၃၈ ဆိုင်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ၅၈ ဆိုင်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၌ ၁၉၅ ဆိုင်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၇၉ ဆိုင်တို့ဖြစ်သည်။

စက်သုံးဆီအရည်အသွေးနှင့်အခြင်အတွယ်ကိုက်ညီမှုမရှိပါက ပေးဆောင်ရမည့်ဒဏ်ကြေးငွေကို မကိုက်ညီမှုတစ်မျိုးလျှင် ကျပ် ၁၀ သိန်းအထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် အသိပေးကြေညာထားသည်။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၊ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၉ ရက် နေ့စွဲပါ စာအမှတ် MOEE ၁/၁၉ (ကြီးကြပ်-၂) (၁၅၆၁၅)/၂၀၁၉ အရ ဒဏ်ကြေးငွေ တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ တိုင်းဒေသကြီး/ပြည်နယ် ရေနံကြီးကြပ်/ဆပ်ကော်မတီများအနေဖြင့် ပုဂ္ဂလိကစက်သုံးဆီဆိုင်များအား စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်မှန်ကန်ကိုက်ညီမှုရှိ/မရှိ အခါအားလျော်စွာ ရှောင်တခင်စစ်ဆေးရာ၌ ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သော် ယခင်က မကိုက်ညီမှုတစ်မျိုးလျှင် ပေးဆောင်ရမည့်ဒဏ်ကြေးငွေ ကျပ်ငါးသိန်းမှ ယခုအခါ ဒဏ်ကြေးငွေ ကျပ် ၁၀ သိန်းသို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ တိုးမြှင့်သတ်မှတ်လျက် ပြစ်ဒဏ်ချမှတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့်သိရှိနိုင်ရန် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းက အသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် ပြည်ပမှ စက်သုံးဆီတင်သွင်းမှု ဒေါ်လာသန်း ၁၈၀ ကျော်ရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၂၉ သန်းအထိ လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၅ ရက်အထိ ပြည်ပမှ ဒီဇယ်တင်သွင်းမှု အမေရိကန် ဒေါ်လာ ၁၁၂ သန်းရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၈ သန်းလျော့ကျခဲ့သည်။ ဓာတ်ဆီတင်သွင်းမှုသည် ဒေါ်လာ ၇၁ သန်းရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၁၁ သန်း လျော့ကျခဲ့သည်။

**Source:** https://news-eleven.com/article/158656

## တရုတ်သို့ ပို့နေရသည့် သစ်သီးဝလံများ လာအိုနှင့် စင်ကာပူနိုင်ငံသို့ ပို့ဆောင်နိုင်ရေး ကြိုးပမ်းနေဟုဆို



တရုတ်နိုင်ငံသို့ အဓိကပို့နေရသည့် သစ်သီးဝလံများအား လာအိုနှင့် စင်ကာပူနိုင်ငံများသို့ ပို့ဆောင်နိုင်ရန် ကမ်းလှမ်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်- မြန်မာ နယ်စပ် ဝင်ထွက် သွားလာခွင့်များ တင်းကြပ်ထားသည့်အတွက် မူဆယ်မှတဆင့် တရုတ်နိုင်ငံသို့တင်ပို့နေသော သစ်သီးဝလံများ ပို့ဆောင်၍ မရဖြစ်လာခြင်းကြောင့် စိုက်ပျိုးတောင်သူများနှင့် ကုန်သည်များနစ်နာဆုံးရှုံးမှုများမဖြစ်ပေါ်ရေး လာအိုနှင့်စင်ကာပူနိုင်ငံများသို့ ပြောင်းရွှေ့ပို့ဆောင်နိုင်ရန် ကြိုးပမ်းနေသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က “ဆန်၊ ပြောင်း၊ ဆိတ်ကတော့ ပို့နေရတယ်၊ ဒါပေမယ့် တရုတ် ဘက်ကို သွားနေတဲ့ သစ်သီးဝလံတွေ မပို့ရတော့တဲ့အတွက် လာအိုဘက်ကို ပြောင်းပို့ဖို့အတွက် ကမ်းလှမ်းထားတယ်၊ စင်ကာပူဘက်ကိုလည်း ဖရဲ၊ သခွားတွေယူနိုင်မလားဆိုပြီး ကမ်းလှမ်းထားတာတော့ရှိတယ်၊ ဒါပေမယ့် အကြောင်းတော့ မပြန်သေးဘူး” ပြောသည်။ လက်ရှိတွင် လာအိုနိုင်ငံဘက်မှ ကျွဲနှင့်နွားများကိုတင်ပို့ပေးရန် လာရောက်ကမ်းလှမ်းလျက်ရှိပြီး သစ်သီးဝလံများကိုမူ တင်ပို့နိုင်ရေး မြန်မာနိုင်ငံဘက်မှ ကမ်းလှမ်းထားကြောင်းသိရသည်။ “ စင်ကာပူဘက်ကိုလည်း ကမ်းလှမ်းထားတယ်၊ ဒါပေမယ့် သူတို့ဘက်က ရေကြောင်းခရီးနဲ့သွားရဖို့ရှိတယ်၊ အဓိက ကတော့ ဖရဲနဲ့ သခွားကိုတင်ပို့နိုင်ဖို့ကမ်းလှမ်းထားတာပါ” ဟု ဦးခင်မောင်လွင်ကပြောသည်။

တရုတ်နိုင်ငံသည် မြန်မာ-တရုတ် နယ်စပ် ဝင်ထွက်ခွင့်ဂိတ်များကို ပိတ်ထားခြင်းကြောင့် မူဆယ်မှာ ဆန်၊ ပြောင်း၊ ဖရဲနှင့် သခွားများ အအေးဂိုဒေါင်များဖြင့် သိုလှောင်ထားရကြောင်း၊ ဝင်ထွက်ခွင့် ပြန်လည်ခွင့်ပြုလာပါက ချက်ချင်းတင်ပို့နိုင်ရန် စီစဉ်ထားကြောင်း မူဆယ်မြို့ သစ်သီးဝလံကုန်စည်ဒိုင်မှသိရသည်။ မူဆယ်မြို့ ကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးစိုင်းခင်မောင်က “ဆုံးရှုံးနစ်နာရမှုကတော့ အများကြီးပေါ့၊ တစ်ကေကို သိန်း ၂၀ နှုန်း လောက်ရှုံးကြတယ်၊ ကေများရင်များသလို အရှုံးပေါ်ကြမှာပေ့ါ၊ အခုတော့ သူတို့ဘက်က သတင်းကိုပဲ စောင့်ပြီး ပို့လိုက်ရမယ့် အချိန်ပဲစောင့်နေရတယ်” ပြောသည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံကြား ကုန်စည်စီးဆင်းမှုသည် လစဉ်အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုးခန့် ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံကသိရသည်။ တရုတ်နိုင်ငံတွင် အဆုတ်ရောင်ရောဂါ(ကိုရိုနာဗိုင်းရပ်စ်) ဖြစ်ပွားနေခြင်းကြောင့် သေဆုံးသူ ၇၂၂ ဦးရှိပြီး ကူးစက်ခံရသူ ၃၅၀၀၀ နီးပါးရှိလာသည့်အတွက် မြန်မာ-တရုတ် နယ်စပ်ဂိတ်များတွင် ဝင်ထွက်သွားလာခွင့်များကို နှစ်နိုင်ငံစလုံးကတင်းကြပ်လျက်ရှိရာ မြန်မာနိုင်ငံမှ သွင်းကုန်များတင်ပို့၍ မရဘဲဖြစ်နေသည်။

**Source:** http://www.mizzimaburmese.com/article/66797

## မူဆယ် ၁၀၅ မိုင်တွင် ဆန်၊ သကြား၊ ပြောင်းနှင့်ရေထွက်ကုန် အရောင်းအဝယ်ရပ်ဆိုင်းနေ



ယာယီပိတ်ထားသည့် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ပြန်ဖွင့်ခဲ့သော်လည်း ဆန်၊ သကြား၊ ပြောင်းနှင့် ရေထွက်ကုန် အရောင်းအဝယ်မရှိကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ ''ဖေဖော်ဝါရီ ၅ ရက်က ဈေးကွက် ပြန်ဖွင့်တယ်။ အဲဒီနေ့ကစပြီး အခုထိ ဆန်၊ သကြား၊ ပြောင်း၊ ရေထွက်ပစ္စည်းတွေ ဝယ်တဲ့သူလည်းမလာဘူး။ ရောင်းတဲ့သူလည်းမရှိဘူး။ ကုန်ကားတွေလည်း မလာဘူး''ဟု ၎င်းက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။ ပြီးခဲ့သည့် ဇန်နဝါရီလကုန်ပိုင်းတွင် တရုတ်နှစ်ကူးဖြစ်၍ မူဆယ် ၁၀၅ မိုင် နယ်စပ်

ကုန်သွယ်ရေးဇုန်၌ အရောင်းအဝယ်ပိတ်ထားခဲ့ရာမှ ဖေဖော်ဝါရီ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကုန်စည်စီးဆင်းမှုရပ်ဆိုင်းနေခြင်းဖြစ်သည်။ ''တရုတ်က ဘဏ်တွေဖွင့်ပေးမယ်။ အရောင်းအဝယ်တွေပြန်လုပ်မယ်ဆိုပြီး ဖေဖော်ဝါရီ ၂ ရက်နဲ့ ၃ ရက်မှာ ကြေညာတယ်။ အဲဒီနောက် ဖေဖော်ဝါရီ ၁၀ ရက်ဆိုပြီး ပြန်ပြောင်းကြေညာတယ်။ပြီးတော့ မဖွင့်နိုင်ဘူးဆိုပြီး ဖေဖော်ဝါရီ ၁၇ ရက်ကိုထပ်ကြေညာတယ်။ သူတို့ ဘဏ်ပါပိတ်ထားတာ။ ဗိုင်းရပ်စ်ကိစ္စအားလုံးပြီးမှပဲ ကုန်သွယ်ရေးက အင် တိုက်အားတိုက် ပြန်ကောင်းမယ်လို့ ထင်တယ်''ဟု ၎င်းကပြောသည်။

လက်ရှိ မူဆယ် ၁၀၅ မိုင် နယ်စပ် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်သို့ ကုန်စည်စီးဆင်းမှုမှာ ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း ၉၀ ကျဆင်းနေကြောင်းသိရသည်။ ဖရဲ၊ သခွားမွှေးစသည့် ကုန်စည်များမှာမူ အရောင်း အဝယ်အနည်းငယ်ရှိနေသော်လည်း ဈေးနှိမ်ဝယ်ယူနေ၍ ကုန်သည်များအရှုံးပေါ်နေကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သစ်သီးဝလံကုန်စည်ဒိုင်အသင်းဒုဥက္ကဋ္ဌ ဦးစိုင်းခင်မောင်ကပြောသည်။ ''ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်နိုင်မှပဲ အင်တိုက်အားတိုက် အရောင်းအဝယ် ပြန်ဖြစ်နိုင်မယ်လို့မျှော်လင့်ရတယ်''ဟု ၎င်းကဆိုသည်။

**Source:**https://myanmar.mmtimes.com/news/135053.html

## သတ္တုလုပ်ကွက်လျှောက်ထားမှုများ ကွင်းဆင်းတိုင်းတာပြီးစီး၍ ပြည်ထောင်စုအဆင့်သို့ တင်ပြထား



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သတ္တုလုပ်ကွက်လျှောက်ထားမှုပေါင်း ၃၀၄ ကွက်ရှိပြီး ကန့်သတ်ဧရိယာများတွင် ပါဝင်နေသည်များကို စိစစ်ရာ၌ လွတ်ကင်းမှုရှိသော လုပ်ကွက် ၂၇ ကွက်အား သတ္တုတွင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာပြီးစီး၍ ပြည်ထောင်စုအဆင့်သို့ တင်ပြထားကြောင်းသိရသည်။ မြို့နယ်စိစစ်ရေးအဖွဲ့များက ကင်းရှင်းကြောင်း စိစစ်တင်ပြလာသော လုပ်ကွက်များကို ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြထားရာ ပြန်လည်အကြောင်းပြန်ချိန်တွင် ချထားပေးနိုင်မည်ဟု မန္တလေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဆွေက ပြောသည်။ "အရင်လျှောက်ထားပြီးတာတွေနဲ့လွတ်ရဲ့လား။ ကန့်သတ်ဧရိယာနဲ့ လွတ်သလားဆိုတာတွေကိုစိစစ်ရတယ်။ သစ်တောကြိုးဝိုင်းနဲ့ မြေလွတ်မြေရိုင်းထဲပါနေရင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို သဘောထား တောင်းရတာကြောင့် ပြန်ကြားချက်စောင့်နေပါတယ်။ ပြည်ထောင်စုက သဘောထားကျလာရင် ချထားပေးနိုင်မယ်"ဟု ၎င်းကပြောသည်။

လျှောက်ထားလာသော လျှောက်လွှာ ၃၀၄ စောင်ကို ပြန်လည်စိစစ်ခွဲခြားရာ၌ ၉၆ စောင်မှာ ပြည်ထောင်စုဧရိယာထဲသို့ ကျရောက်နေသဖြင့် ပြည်ထောင်စုသို့ လျှောက်ထားရန်နှင့် မိုးကုတ်ကျောက်မျက်နှင့် ရွှေဥဒေါင်းဘေးမဲ့တောမှ လုပ်ကွက်ခြောက်ကွက်သည် ကန့်သတ်ဧရိယာထဲ၌ဖြစ်နေ၍ တိုင်းအစိုးရကချထားခွင့်မရှိကြောင်း အကြောင်းပြန်ကြားပေးခဲ့ သည်ဟုဆိုသည်။ "ပြည်ထောင်စုခွင့်ပြုချက်ရတဲ့လုပ်ကွက်တွေနဲ့ ထပ်နေတာ ၁၀ ခုလောက်ရှိတော့ တိုင်းကခွင့်ပြုလို့မရဘူး။ ကြားဧရိယာထဲရှိနေတဲ့ ၄၅ ကွက်ကိုတော့စိစစ်ပြီး ပြည်ထောင်စုသဘောထားတောင်းထားတယ်။ ကြားဧရိယာဆိုတာ ပြည်ထောင်စုနဲ့ တိုင်းအစိုးရကချပေးမယ့်ထဲမှာရော အခြားကန့်သတ်ဧရိယာမှာပါမပါ တဲ့နေရာတွေ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တိုင်းအစိုးရချထားပေးနိုင်သည့် ဧရိယာထဲတွင် လုပ်ကွက်ပေါင်း ၁၄၇ ကွက်ရှိရာ ထိုမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဌာန၊ မြေစာရင်းဌာနစသည့်ဌာနဆိုင်ရာများပါဝင်သည့် စိစစ်ရေးအဖွဲ့က စိစစ်ရာ ရွာမြေနှင့်စိုက်ပျိုးမြေမလွတ်ကင်းသောကြောင့် ပယ်ဖျက်ပြီး လွတ်ကင်းသည်ဆိုသော လုပ်ကွက်များကို ကွင်းဆင်းတိုင်းတာမှုများလုပ်ဆောင်ခဲ့သည်။ "တိုင်းအစိုးရလုပ်ပိုင်ခွင့်နဲ့ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းရဖို့ အသေးစားနဲ့ လက်လုပ်လက်စား လုပ်ကွက်တွေချပေးမယ်ဆိုပြီး လုပ်ကွက်လျှောက်ခဲ့ကြတာ တစ်နှစ်ပြည့်ပြီ။ လုပ်ကွက်လုပ်ကိုင်ခွင့်ကျတယ်လို့ သေချာမကြားမိသေးဘူး"ဟု သပိတ်ကျင်းမြို့ဒေသခံကိုမျိုးကပြောသည်။ တိုင်းအစိုးရအစီအမံဖြင့် အသေးစားနှင့် တစ်ပိုင်တစ်နိုင် (လက်လုပ်လက်စား) လုပ်ကွက်ချထားပေးမည်ဆို၍ ဒေသခံများလျှောက်ထားခဲ့ရာ တစ်နှစ်ခန့်ကြာခဲ့ပြီ

ဖြစ်သောကြောင့် ပြည်ထောင်စုစီမံခန့်ခွဲမှုဇရိယာနှင့် ကန့်သတ်ဇရိယာထဲရောက်ရှိနေသော လုပ်ကွက်များအား ပြန်ကြားပေးခြင်းနှင့် သဘောထားတောင်းခံမှုများမှ ပြန်ကြားလာမှုကို စောင့်ဆိုင်းနေရ သည်ဟုဆိုသည်။

**Source:** https://myanmar.mmtimes.com/news/135005.html

## ချုပ်ထည်တင်ပို့မှုမှ လေးလအတွင်း ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ရရှိ

၂၀၁၉-၂၀ ဘဏ္ဍာနှစ် ပထမလေးလအတွင်း ချုပ်ထည်တင်ပို့မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိ သူ ဦးခင်မောင်လွင်ကပြောသည်။ ပြည်ပသို့ ချုပ်ထည်တင်ပို့မှုသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်လျှင် ကန်ဒေါ်လာ သန်း ၁၇၀ ကျော် ပိုများသည်ဟု ၎င်းကပြောသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ် လေးလအတွင်း ချုပ်ထည်ပြည်ပတင်ပို့မှုမှ ဒေါ် လာ ၁ ဒသမ ၄ ဘီလီယံကျော်သာရရှိသဖြင့် ၁၀ ရာခိုင်နှုန်းကျော် ပိုမိုတင်ပို့နိုင်ခြင်းဖြစ်သည်။ “အထည်ချုပ်ပို့ကုန်က ဆက်ပြီးတော့တိုးနေမှာပဲ”ဟု ဦး ခင်မောင်လွင်က ပြောသည်။ ပြည်ပသို့တင်ပို့မှုတိုးတက်နေခြင်းကြောင့် ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ချုပ်ထည်တင်ပို့မှုမှ ဒေါ်လာ ငါးဘီလီယံကျော် ရရှိမည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားကြောင်း ၎င်းကဆိုသည်။ လက်ရှိအချိန်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစုမှ အမှာများစွာရရှိနေသည်ဟု လှိုင်သာယာစက်မှုဇုန်မှ အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကုန်သွယ်မှု အထူးအခွင့်အရေး (GSP) ကြောင့် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ရရှိထားသည့် မြန်မာနိုင်ငံအနေဖြင့် ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြိုက် အ ဝတ်အထည်များကို ထုတ်လုပ်ခွင့်ရပြီး အလုပ်အကိုင်အခွင့်အလမ်းများပိုရသည်။ လာမည့် ၂၀၂၄ တွင် ချုပ်ထည်တင်ပို့မှုမှ ဒေါ်လာ ၁၀ ဘီလီယံခန့်ဝင်ငွေရရှိမည်ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက မျှော်မှန်းထားသည်။

မြန်မာနိုင်ငံတွင် အလုပ်သမား ငါးသိန်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေသော အထည်ချုပ်လုပ်ငန်း ကဏ္ဍ၏တိုးတက်မှုကို ထပ်မံမြှင့်တင်နိုင်ရန်ကြိုးစားနေကြောင်း စီးပွားကူးသန်းဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ချုပ်ထည်တင်ပို့မှုပြီးလျှင် ရေထွက်ကုန် ပြည်ပတင်ပို့မှု၊ ပြည်ပဆန်တင်ပို့မှုစသည်တို့က တိုးတက်မှုများသောကဏ္ဍများဖြစ်သည်ဟု ၎င်းကပြောသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍသည် နှစ်စဉ် ၁၀ ရာခိုင်နှုန်း ခန့် တိုးတက်နေပြီး ယခုဘဏ္ဍာနှစ် ပထမလေးလအတွင်း ပို့ကုန်တန်ဖိုး ဒေါ်လာသန်း ၈၀၀ ကျော်တိုးတက်သည်။ ပို့ကုန်ကဏ္ဍ တိုး မြင့်မှုကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလိုငွေသည်လည်း ဘဏ္ဍာနှစ်လေးလတွင် ဒေါ်လာ သန်း ၈၀၀ ကျော်သာရှိသည်။ ယခု ဘဏ္ဍာနှစ် လေးလအတွင်း မြန်မာနိုင်ငံမှပို့ကုန်တန်ဖိုး ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံကျော်ရှိနေပြီး သွင်းကုန်တန်ဖိုးက ဒေါ် လာ ၆ ဒသမ ၉ ဘီလီယံကျော်ရှိသည်။

**Source:** https://7day.news/%E1%80%81%E1%80%BB%E1%80%AF%E1%80%95%E1%80%BA%E1%80%91%E1%80

## မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်ရန် ခန့်မှန်းရက်ထက် ပိုမိုကြာမြင့်နိုင်

တရုတ်နိုင်ငံအတွင်းကို ရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်ရန် မူလခန့်မှန်းထားသည့်ရက်ထက် ပိုမိုကြာမြင့်နိုင်ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူးဦးနန္ဒကပြောသည်။ တစ်ရက်လျှင် ကန်ဒေါ်လာ ၁၄ သန်းကျော်ဖိုးကုန်သွယ်နေသည့် မူဆယ်-ရွှေလီလမ်းကြောင်းမှ ကုန်သွယ်ရေးစတင်နိုင် မည့် ရက်ကို ယူနန်ပြည်နယ် ရွှေလီမြို့ ဒုတိယမြို့တော်ဝန်နှင့်ညှိနှိုင်းခဲ့ရာ ဗိုင်းရပ်စ်ထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြန်လည်စတင်နိုင် မည်ဟု ခန့်မှန်းခဲ့ကြောင်း ၎င်းကပြောသည်။ “ဖေဖော်ဝါရီ ၆ ရက်က ရွှေလီဒုတိယမြို့တော်ဝန်နဲ့ တွေ့တယ်။ ဗိုင်းရပ်စ်ထိန်းချုပ်နိုင်မှုအပေါ်မူတည်ပြီး ၁၀ ရက်နေ့ပြန်စမယ်ပေါ့။ ဒါပေမဲ့ အခုထိ အခြေအနေမကောင်းဘူး ဆိုတော့ တိုးမယ်ဆိုတဲ့သဘောသက်ရောက်မယ်” ဟု ဦးနန္ဒကပြောသည်။

မြန်မာနှင့် တရုတ်အစိုးရ ညှိနှိုင်းမှုအရ နယ်စပ်ကုန်သွယ်ရေးစခန်းများကို တရားဝင်ပိတ်ပင်ခြင်းမဟုတ်ဘဲ ရောဂါထိန်း ချုပ်သည့်အခြေအနေအရ နယ်မြေကန့်သတ်ခဲ့ခြင်းကြောင့် ကုန် သွယ်ရေးဇုန်များကို ထိခိုက်နေကြောင်း ၎င်းကရှင်းပြသည်။ ကိုရိုနာဗိုင်းရပ်စ်အခြေအနေ မထိန်းချုပ်နိုင်သေး၍ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်ရန် အချိန်စောင့်ရဦးမည်ဟု

မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ “ကုန်ပစ္စည်းတွေက ပို့မရဘူး။ လမ်းတွေမှာ တရုတ်ရဲတွေက တားထားတယ်” ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုအသင်း (မူဆယ်)ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က လက်ရှိအခြေအနေကိုပြောသည်။ ဖေဖော်ဝါရီ ၈ ရက်တွင် မူဆယ်နယ်စပ်မှ ကုန်သည်အချို့က နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကို ဖေဖော်ဝါရီ ၂၀ ရက် နောက်ပိုင်းမှ ပြန်စနိုင်မည်ဟု ခန့်မှန်းမှုများရှိသည်။ “ပိတ်ရက်က ထပ်ကြာဦးမယ်” ဟု မူဆယ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့နေသည့် ကုန်သည်ဦးမင်းသိန်းကပြောသည်။

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးသည် ထိုင်း၊ လာ အို၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နယ် စပ်ကုန်သွယ်ရေးတို့ထက် ပိုများသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့် လွယ်ဂျယ်တို့မှ ကုန်သွယ်မှုပမာဏသည် တစ်ရက်လျှင် ကန်ဒေါ်လာ ၁၈ သန်းကျော်ရှိသည်။ မြန်မာ-တရုတ်နယ်စပ်ကုန် သွယ်မှုပမာဏသည် လေးလအ တွင်း ဒေါ်လာ ၂ ဒသမ ၂ ဘီလီ ယံကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနစာရင်းများတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံမှ ဆန်၊ ပြောင်းဖူးစေ့ အပါအဝင် လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များကို အဓိကတင်ပို့ရောင်းချနေသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြောင့် မြန်မာနိုင်ငံအပါအဝင် တရုတ်နှင့်ကုန်သွယ်ဖက်နိုင်ငံများတွင် ကုန်သွယ်မှုများ ထိခိုက်နေသည်ဟု ဖေဖော်ဝါရီ ၆ ရက် နေပြည်တော်ရှိ စီးပွားကူးသန်းဝန်ကြီးဌာန ညီလာခံခန်းမ၌ ပြုလုပ်သော ကိုရိုနာဗိုင်းရပ်စ်အသိ ပညာပေးဟောပြောပွဲတွင် ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။ ယင်းအတွက် မူဆယ်ကုန်သွယ်ရေးဇုန်ရှိ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ တုံ့ဆိုင်းလာပြီး ကျွဲ၊ နွားနှင့်ဖရဲ၊ သခွားတင်ပို့သည့် လုပ်ငန်းအများစုသည် မြန်မာနိုင်ငံကို အဓိကထိခိုက်နေကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ် ရေးဝန်ကြီးဌာန လက်ထောက်အ တွင်းဝန် ဦးခင်မောင်လွင်ကပြောကြားသည်။

**Source:** https://7day.news/%E1%80%99%E1%80%BC%E1%80%94%E1%80%BA%E1%80%99%E1%80%AC

## ရွှေလီတွင် ကျောက်မျက်ရောင်းချမှု ပိတ်ထားမှုရက်ကြာလျှင် မန်းဈေးကွက်ထိမည်

တရုတ်-မြန်မာနယ်စပ် ရွှေလီမြို့သို့အင်တာနက်ဖြင့် ကျောက်မျက်ရတနာများအား တိုက်ရိုက်ထုတ်လွှင့်ရောင်းချခြင်းအား ဖေဖော်ဝါရီ ၅ရက်နေ့ ည ၁၂ နာရီမှစတင်ကာ ခတ္တရပ်နားထားခြင်း ရက်ရှည်လာလျှင် မန္တလေးကျောက်စိမ်းဈေးကွက်ထိခိုက်မှု ရှိလာနိုင်ကြောင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းကသိရသည်။ “အဲလိုပိတ်လိုက်တဲ့အတွက် ထူးထူးခြားခြားပြောင်းလဲမှုမရှိသေးပါဘူး၊ ဒါပေမယ့် အသားငါးလိုပဲ ရက်ရှည်လာရင်ပုတ်လာတယ်၊ ကျောက်မျက်ရတနာလည်းဒီလိုပဲ ရက်ရှည်လာရင် အဝယ်နည်းလာရင်တော့ ထိခိုက်မှုရှိလာနိုင်ပါတယ်၊ ဒီဗိုက်ရပ်စ်ပိုးကြောင့် အခုရက်ပိုင်းမှာ ကျောက်မျက်ရတနာအရောင်းအဝယ်မှာ ဈေးနှုန်းမြင့် ကျောက်မျက်ရတနာအရောင်းအဝယ်ကတော့ မဖြစ်သလောက် ဖြစ်နေပါတယ်” ဟု အဆိုပါစခန်း သတင်း ပြန်ကြားရေးတာဝန်ခံ ဦးကျော်ကျော်ဦးကပြောသည်။

ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ကာကွယ်ရေးလုပ်ငန်းစီမံခန့်ခွဲမှုဌာနက ရွှေလီမြို့ ကျောက်မျက်ရတနာ အင်တာနက်ပေါ်မှ တဆင့် ထုတ်လွှတ်ရောင်းချခြင်းကို ခေတ္တပိတ်ပင်လိုက်ခြင်းဖြစ်သည်။ ထို့ပြင် သတိပေးစာကို လိုက်နာခြင်းမရှိလျှင် ရောင်းဝယ်ရေးလိုင်စင်ဖြုတ်ချသည့်အထိ အရေးယူသွားမည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် လုံခြုံကြီးကြပ်ရေး အပြစ်ယူခြင်းဥပဒေ တရုတ်ပြည်သူသမ္မတနိုင်ငံတော် ကူးစက်ရောဂါကာကွယ်ရေး ဥပဒေ၊ နိုင်ငံတော်ပြစ်မှုဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ထားခြင်းဖြစ်သည်။ “ ကျွန်တော်တို့အနေနဲ့ကတော့ ဘာမှ ထွေထွေထူးထူး မသိသာသေးဘူး၊ တရုတ်ပြည်ထဲကိုမပြန်ပဲ ရောင်းချနေတဲ့ တရုတ်တွေလည်းရှိပါတယ်၊ အခု အရောင်းအဝယ်ဖြစ်နေတာ ကတော့ ဈေးနှုန်း အနိမ့်ပိုင်းလေးတွေတော့ဖြစ်နေပါတယ်၊ ပိတ်တာကလည်း ရွှေလီဈေးကွက်ပဲဆိုတော့ ပြည်မကြီးကို တိုက်ရိုက်ရောင်းချနေတဲ့သူတွေရှိတဲ့အတွက် ထူးခြားမှုမရှိသေးတာလို့ထင်ပါတယ်၊ ဒါပေမယ့် ရက်ရှည် ပိတ်တာမျိုးတော့ မဖြစ်စေခြင်ပါဘူး၊ ခုတောင် ဈေးကွက်က သိပ်ကောင်းတာမဟုတ်ဘူး” ဟု ကျောက်မျက်ရတနာကုန်သည် ဦးနေမျိုးက ပြောသည်။ မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းသည် နေ့စဉ်လူဦးရေ တစ်သိန်းကျော်ခန့် အရောင်းအဝယ်ပြုလုပ်နေသော အထက်မြန်မာပြည်၏ အဓိက ကျောက်မျက်ဈေးကြီးဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/66817

## စစ်ကိုင်းမြို့ ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းသို့ တရုတ်ကုန်သည်ဝင်ရောက်မှု ၂၅ ရာခိုင်နှုန်း လျော့နည်းသွားပြီး ကျောက်စိမ်းပုတီးဈေးကွက် ရာခိုင်နှုန်း ၄၀ ခန့် ကျဆင်းနေကာ လက်ရှိတရုတ်ကုန်သည်များ အဝယ်ရပ်နားပါက ကျောက်စိမ်းပုတီးဝိုင်း၏ လုပ်ငန်းများ ရပ်နားရမည့် အခြေအနေဖြစ်နေ

စစ်ကိုင်းမြို့ ဒါးဝယ်ဈေးရပ်ကွက်ရှိ ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းတွင် တရုတ်နှစ်သစ်ကူးပြီးနောက် တရုတ်ကုန်သည်ဝင်ရောက်မှု ၂၅ ရာခိုင်နှုန်း လျော့နည်းသွားပြီး ကျောက်စိမ်းပုတီးဈေးကွက် ရာခိုင်နှုန်း ၄၀ ခန့် ကျဆင်းနေကြောင်းနှင့် တရုတ်နိုင်ငံသို့ တင်ပို့သည့်လမ်းကြောင်းပိတ်ထားသဖြင့် ယခင်ကထက် ဈေးထက်ဝက်ခန့်လျှော့၍ ရောင်းချနေရကာ လက်ရှိတရုတ်ကုန်သည်များ အဝယ်ရပ်နားပါက ကျောက်စိမ်းပုတီးဝိုင်းလုပ်ငန်းများ ရပ်နားရမည့်အခြေအနေဖြစ်နေသည်ဟု ဘော်ဂါကျောက်စိမ်းပု တီးဝိုင်း အကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးကပြောကြားသည်။

ဘော်ဂါကျောက်စိမ်း ပုတီးဝိုင်းမှာ အရည်မမီ ကျောက်စိမ်းအညံ့များနှင့် ပယ်သားအသားကျောက်များကို ကျောက်ပုတီးစေ့ ပြုလုပ်၍ နေ့စဉ်နံနက် ၅ နာရီကျော်မှ ၉ နာရီ ကျော်အထိ ခင်းကျင်းရောင်းချသည့်ဈေးဖြစ်သည်။ စစ်ကိုင်းမြို့ပေါ်နှင့် အနီးဝန်းကျင် ရပ်ကွက်ကျေးရွာများရှိ ကျောက်ဖြတ်ခုံများမှ ကျောက်ပုတီးစေ့ ပြုလုပ်ရောင်းချခြင်းဖြစ်သည်။ ဘော်ဂါကျောက်ပုတီးစေ့ဝိုင်းမှာ မြန်မာနိုင်ငံတွင် တစ်ခုတည်းသာရှိနေသည့် ကျောက်စိမ်းပုတီးဈေးဖြစ်သည်။ “လက်ရှိ ကျောက်ဝိုင်း အခြေအနေက တရုတ်ပြည်မှာဖြစ်နေတဲ့အခြေအနေတွေကြောင့် လောလောဆယ်ဆယ် ဈေးကွက်ခါတိုင်းလိုမကောင်းဘူး။ ခါးကျောက်ဈေးကွက်ဆို အရမ်းအခြေအနေဆိုးနေပါတယ်။ အရင်တုန်းက နှစ်ရာလောက်ရောင်းရတဲ့ပစ္စည်းက အခုဆို တစ်ရာလောက်ပဲ ရောင်းရတော့တယ်။ အောက်ကျောက်ပေါ့။ တစ်လုံးကို တစ်သိန်းတန်လောက်လေးတွေကတော့ အရောင်းအဝယ်ဖြစ်ကြတယ်။ အမြတ်အစွန်းမရှိကြဘူး။ ကိုယ်ပိုက်ဆံပြန်ရအောင်ဆိုပြီး ငွေပေါ်အနေနဲ့ပြန်ရောင်းစားနေရတယ်။ တရုတ်လူမျိုးတွေ ကျောက်စိမ်းပုတီးဝိုင်းကို ဝင်ရောက်မှု ခါတိုင်းဝင်နေကျနှုန်းထက် ၂၅ ရာခိုင်နှုန်းလောက်နည်းသွားတယ်။ သူတို့ကနှစ်ကူးမပြန်ဘဲနေတဲ့သူတွေမို့ နောက်မို့ဆို ဒီထက် တရုတ်ကုန်သည်ဝင်ရောက်မှုနည်းသွားမယ်။ အရင်ကအခြေအနေနဲ့ ပြောရရင် ဈေးကွက်က ၄၀ ရာခိုင်နှုန်းလောက် ဈေးကွက်ကျဆင်းသွားတယ်။ အရင်က တစ်ရာလောက်ဆို အခု ခြောက်ဆယ်လောက်ရမယ်ခန့်မှန်းခြေပေါ့။ ကျွန်တော်တို့ ပုတီးဝိုင်းက အများက သုံးပြီးသားဖြတ်ထားပြီးသား လက်ကောက်လွှာချပ်တို့က ဘေးကိုင်ဖောက်စံတွေ ပြန်အသုံးပြုပြီး ရောင်းချကြတာဆိုတော့ ကျောက်မျက်ပြပွဲတွေ နောက်ဆုတ်တာတွေနဲ့ သိပ်မသက်ဆိုင်ပါဘူး။ ဒါပေမဲ့ဈေးကွက်မကောင်းရင်တော့ ကျွန်တော်တို့လည်းဝယ်ပြီး ဖြတ်နိုင်မှာမဟုတ်ဘူး။ သူတို့ တရုတ်ပြည်မှာ ကျောက်စိမ်းဈေးကွက် အရောင်းအဝယ်မဖြစ်ကြရင်တော့ ကျွန်တော်တို့ထိခိုက်မှာသေချာသွားပြီ” ဟု ဦးအောင်စိုးမိုးက ပြောကြားသည်။

ဘော်ဂါကျောက်စိမ်းပုတီးဈေးတွင် နံနက် ၅ နာရီမှ ၉ နာရီအထိ ရောင်းဝယ်ကြပြီး ကျောက်စိမ်းအသား ကျောက်များဖြင့် ပုတီးလုံးလေးများကို ၅၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈ မီလီမီတာ (ကြိုးပေါက်မပါ) စသည်ဖြင့် အရွယ်အစား ခုနစ်မျိုးခန့် ပြုလုပ်ကာ တစ်လုံးလျှင် တန်ဖိုး ကျပ် ၈၀၊ ကျပ် ၈၀၀ မှစ၍ အစားစား ရောင်းချကြသည်။ ယခုရက်ပိုင်းတွင် ယခင်က ကျပ် ၂၀၀ တန် ကျောက်ပုတီးစေ့တစ်လုံး ကျပ် ၁၀၀ ဖြင့်သာ ရောင်းချနေရသဖြင့် ဒေသခံကျောက် ပုတီးစေ့ အရောင်းအဝယ် ပြုလုပ်နေသူများမှာ လုပ်အားခသာမက အရင်းပါအရှုံးခံ၍ ငွေပေါ်အဖြစ်သာရောင်းချနေရကြောင်း ဘော်ဂါကျောက်စိမ်းပုတီးဝိုင်းရှိ ဝယ်ရောင်းသမားများထံမှသိရသည်။

**Source:** https://news-eleven.com/article/158745

## ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် ဂျုံမျိုးများဖြန့်ဖြူးတော့မည်

အောင်ပန်းစိုက်ပျိုးရေး သုတေသနခြံတွင် ခြောက်သွေ့သောရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည့်ဂျုံမျိုးများ စိုက်ပျိုးထားပြီး တောင်သူများသို့ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကသိရသည်။ ယခင်က ဂျုံစိုက်ပျိုးသည့် သက်တမ်းတစ်လျှောက်တွင် ဂျုံသီးနှံကောင်းမွန်စွာဖြစ်ထွန်းသည့် အပူချိန်နှင့်မိုးရေချိန်တို့ကို မရရှိခဲ့ခြင်းကြောင့် ဂျုံများမအောင်မြင်ခဲ့ကြောင်း၊ ယခုအခါ အောင်ပန်းခြံတွင် စိုက်ပျိုးထားသောမျိုးများမှာ ရာသီဥတု ပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိပြီး ဖြစ်ထွန်းမှုကောင်းမွန်သည့် ဂျုံမျိုးများရရှိနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါခြံတွင် ခြောက်သွေ့သော ရာသီဥတုကိုခံနိုင်ရည်ရှိသည့် အလားအလာကောင်းဂျုံမျိုး ၃၂ မျိုးကို စိုက်ပျိုးထားပြီး တောင်သူများက ရွေးချယ်ရာတွင် မျိုးစေ့လေးမျိုးကို ကြိုက်နှစ်သက်မှုပိုများကြောင်းသိရသည်။ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦးက "တောင်သူတွေအနေနဲ့ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိတဲ့မျိုးကို ရွေးချယ် စိုက်ပျိုးဖို့လိုအပ်တယ်။ တောင်သူတွေအရည်အသွေးပြည့်မီတဲ့ ဂျုံမျိုးတွေအသုံးပြုနိုင်ဖို့တောင်ကိုရီးယားနဲ့ ပူးပေါင်းပြီး အလားအလာကောင်းမယ့် မျိုးစေ့ရရှိဖို့ ပူးပေါင်းဆောင်ရွက်နေတယ်။ ဒါ့ပြင် စိုက်ပျိုးနည်းပညာပေးတာကိုလည်း သက်ဆိုင်ရာ ဦးစီးဌာနတွေက ဆောင်ရွက်နေတယ်"ဟုပြောသည်။ အရည်အသွေးမြင့် ဂျုံမျိုးစေ့များ ရရှိသုံးစွဲနိုင်ရေးအတွက် တောင်ကိုရီးယား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီနှင့်ပူးပေါင်း၍ တောင်ကြီး၊ အောင်ပန်း စိုက်ပျိုးရေး သုတေသနခြံ၊ ပင်းတယမြို့နယ်၊ ကလောမြို့နယ်တို့တွင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။စစ်ကိုင်းမြို့ရှိ ဂျုံလုပ်ငန်းရှင် ဦးဇော်သက်က "စစ်ကိုင်းမှာဆိုရင် အရင်က ဆောင်းသီးနှံအနေနဲ့ ဂျုံကိုဧကများများစိုက်ကြတယ်။ အခု တိုင်းအတွင်းမှာ စိုက်နေတဲ့ဧကဟာ တစ်ချိန်တုန်းကစိုက်ခဲ့တဲ့ သုံးပုံတစ်ပုံကျော်လောက်ပဲရှိနေတာ။ အခု တောင်သူတွေ အများဆုံးကြုံတွေ့ နေရတဲ့ အခက်အခဲက ဂျုံမျိုးစေ့က အထွက်နှုန်းနည်းလာတာဖြစ်တယ်။ အရည်အသွေးမြင့် မျိုးစေ့ ရောင်းစရာမရှိဘူးလားဆိုပြီး မေးမြန်းလာတာတွေလည်းရှိတယ်။

ဂျုံသီးနှံစိုက်တဲ့အခြေအနေကလည်း တချို့နှစ်တွေဆိုရင် ပုံမှန်စိုက်တယ်။ ဒီလိုပဲ စိုက်ဧကနည်းလာလိုက်၊ များလာ လိုက်နဲ့။အဓိကကတော့ ဈေးကွက်မရတာဖြစ်လို့ အစိုးရပိုင်းက ဒါကို သေသေချာချာပြန်လုပ်ပေးမယ်ဆိုရင် ပြန်လည်စိုက် လာမှာဖြစ်တယ်။ လက်ရှိ ဂျုံအများဆုံးတင်သွင်းနေရတဲ့ သွင်းကုန်အစားထိုး လုပ်ငန်းတွေလည်း အောင်မြင်အောင်ဆိုရင် ဈေးကွက်ဖန်တီးပေးဖို့နဲ့ တောင်သူတွေ စိုက်ချင်စိတ်ဖြစ်လာအောင် ပံ့ပိုးပေးဖို့လိုအပ်တယ်" ဟုပြောသည်။

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီနှင့်ပူးပေါင်း၍၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ သုံးနှစ်ကြာ အလားအလာရှိသော ဂျုံမျိုးရရှိရေးနှင့် နည်းပညာပေးအပ်နိုင်ရေးကိုစစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြို့နယ်ရှစ်မြို့နယ်ကို ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/sitepyo/

## ထောပတ်ပဲပေါ်ချိန် တစ်တန်လျှင် ကန်ဒေါ်လာ ၂၀ ခန့် ဈေးပိုရနေ

ဆောင်းစိုက်ထောပတ်ပဲအသစ်ပေါ်ချိန် ပြည်ပဈေးကွက်ကောင်းနေ၍ တစ်တန်လျှင် ကန်ဒေါ်လာ ၂၀ ခန့် ဈေးပို ရရှိနေကြောင်းကုန်သည်များထံမှသိရသည်။ "စစ်ကိုင်းဘက်မှာတော့ ထောပတ်ပဲ စတင်ထွက်ပေါ်နေပြီ။ စိုက်ဧကလည်း သိပ်မများသလိုပြည်တွင်းသုံးစွဲမှုကလည်းများတော့ ပြည်ပကို အနည်းငယ်လောက်ပဲတင်ပို့နိုင်တယ်။ ဒါကြောင့် နှစ်စဉ် ဈေးကောင်းရနေတယ်။ နောက်ပြီး ဖြိုင်ဖြိုင်ပေါ်ချိန်ဆိုရင် လှောင်လက်သမားတွေနဲ့ ဈေးကတက်လေ့ရှိတယ်" ဟု မန္တလေးရှိ ဝင်းရတနာသီးနှံရောင်းဝယ်ရေးလုပ်ငန်းစု ပိုင်ရှင် ဦးကျော်ကျော်မင်းက ပြောသည်။ပုံမှန် ထောပတ်ပဲတစ်တန်လျှင် ကန်ဒေါ်လာ ၆၀၀ မှ ၆၅၀ ကြား၊ထောပတ်ပဲအခွံချွတ်တစ်တန်လျှင် ကန်ဒေါ်လာ ၆၀၀ မှ ၇၅၀ကြား၊ အခွံပါအခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၆၀၀ မှ ၇၀၀ကြား အသီးသီးရှိနေသည်။

ထောပတ်ပဲကို မိုးရာသီ၌ ဇွန်လနှင့်ဇူလိုင်လတွင်စိုက်ပျိုးပြီး အောက်တိုဘာလ၊ နိုဝင်ဘာလတွင်ထွက်ရှိကြောင်း၊ ဆောင်းရာသီ၌အောက်တိုဘာလမှ ဒီဇင်ဘာလတွင်စိုက်ပျိုးပြီး ဇန်နဝါရီလမှမတ်လအထိထွက်ရှိပြီး မန္တလေး၊ စစ်ကိုင်းနှင့် နေပြည်တော်တွင် အများဆုံးစိုက်ပျိုးကြောင်းသိရသည်။ ပြည်တွင်း၌ ထောပတ်ပဲစိုက်ဧက ၁၆၀၀၀၀ ကျော်ရှိပြီး တန်ချိန် ၁၀၀၀၀၀ ခန့်ထွက်ရှိကြောင်းသိရသည်။ ပြည်တွင်း၌ထောပတ်ပဲကို ပြုတ်၍လည်းကောင်း၊ ပဲကြမ်းကြော်ပြုလုပ်၍ လည်းကောင်း၊ ပဲရေပွပြုလုပ်၍လည်းကောင်း စားသုံးကြသလိုပဲမှုန့်ပြုလုပ်၍လည်း အသုံးပြုကြောင်း၊ တောင်သူများက အိမ်တွင်စားသုံးရန် တစ်တင်းမှနှစ်တင်းခန့်သာချန်ထားလေ့ရှိသည်။ မြန်မာ့ထောပတ်ပဲကို ဂျပန်၊ တရုတ်၊ ဒိန်းမတ်၊ စင်ကာပူ၊ တောင်ကိုရီးယား၊ မလေးရှား၊ ထိုင်ဝမ်နှင့် ဗီယက်နမ်တို့ကို တင်ပို့ပြီးနှစ်စဉ်ပျမ်းမျှ တန်ချိန် ၃၀၀၀၀ ခန့်သာတင်ပို့နိုင်သည်။ ထောပတ်ပဲ အများဆုံးတင်ပို့သည့် နိုင်ငံများမှာ ပီရူး၊ မက္ကဆီကို၊ အီကွေဒေါ၊ တရုတ်နှင့် ကနေဒါဖြစ်ပြီး တင်သွင်းသည့် နိုင်ငံ

များမှာ ဂျပန်၊ အီတလီ၊ ဩစတြေးလျ၊ ချီလီနှင့်နယူးဇီလန်နိုင်ငံတို့ဖြစ်ကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများဂျာနယ်

https://www.facebook.com/sitepyo/

## စင်ကာပူတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် Sungei Kadut စက်မှုဇုန် စီမံကိန်းကြီးကို မိတ်ဆက်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းကဏ္ဍသစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး အထောက်အကူပြုနိုင်ရန်အတွက် စင်ကာပူရှိ သက်တမ်းကြာမြင့်နေပြီဖြစ်သော စက်မှုဇုန်များအနက်မှ Sungei Kadut စက်မှုဇုန်အား ပြုပြင်မွမ်းမံမည့်စီမံကိန်းကို ၆ – ၂ – ၂၀၂၀ ရက်နေ့တွင် အများပြည်သူသို့ စတင်မိတ်ဆက်လိုက်ပြီဖြစ်ပါသည်။

အဆိုပါစီမံကိန်းသည် စင်ကာပူရှိ စက်မှုလုပ်ငန်းများအား ပြန်လည်အားသစ်လောင်းနိုင်ရန်၊ စက်မှုလုပ်ငန်း အသစ်များအား ဆွဲဆောင်နိုင်ရန်၊ လူမှုဘဝနှင့် လိုက်လျောညီထွေမှုရှိသော လုပ်ငန်းပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့်စွမ်းဆောင်ရည် အသစ်များကို အသုံးချဆောင်ရွက်နိုင်ရန် ပြုပြင် မွမ်းမံမည့် ရှေ့ဆောင်စီမံကိန်းကြီး ဖြစ်ပါကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr Chan Chun Sing က မိတ်ဆက်ပွဲအခမ်းအနားတွင်ပြောကြားပါသည်။

မြေနေရာအကျယ်အဝန်း ဟက်တာ ၅၀၀ ရှိပြီး၊ နှစ်(၃၀) အတွင်း အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် Sungei Kadut စက်မှုဇုန်စီမံကိန်းတွင် မြေနေရာအကျယ်အဝန်း ၁၈ ဟက်တာရှိသော စိုက်ပျိုးရေးထွက် စားသောက်ကုန်များ တီထွင်ဆန်းသစ်ထုတ်လုပ်မှုဇုန်နေရာပါဝင်ပြီး၊ စိုက်ပျိုးရေးနည်းပညာ တန်ဖိုးကွင်းဆက် တစ်လျှောက် လုံးရှိလုပ်ငန်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု (R&D) လုပ်ငန်းများ၊ မိုးလုံလေလုံစိုက်ခင်းများ၊ ရေနေသတ္တဝါ မျိုးဖောက်ခြင်းနှင့် ပရိုတင်းအစားထိုးထုတ်ကုန်များထုတ်လုပ်ခြင်းစသည့် နည်းပညာမြင့်မားသောလုပ်ငန်းများ တည်ထောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုလုပ်ငန်းများက စနစ်ပိုင်းဆိုင်ရာအင်ဂျင်နီယာများ၊ အပင်ဆိုင်ရာသိပ္ပံပညာရှင်များ၊ ရေထွက်ကုန်အဟာရဗေဒပညာရှင်များစသည့် အသိပညာအခြေခံသော အဆင့်မြင့်အလုပ်အကိုင်များကိုလည်း ဖန်တီးပေးနိုင် မည်ဖြစ်ပြီး၊ နောက်မျိုးဆက်သစ်များအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍသို့ ပါဝင်ဆောင်ရွက်ရန် ဆွဲဆောင်နိုင်မည့် အချက်လည်း ဖြစ်ကြောင်း ပြောကြားပါသည်။

ထို့ပြင် စီမံကိန်းမှ ဟက်တာ ၂၀၀ အကျယ်အဝန်းရှိသော မြေနေရာကို နောင်တွင် ပေါ်ပေါက်လာမည့် စက်မှု လုပ်ငန်းများအတွက် အရံချန်လုပ်ထားမည်ဖြစ်ပါသည်။ စီမံကိန်းမှာ နှစ် (၃၀) ကြာမြင့်မည်ဖြစ်သည့်အတွက် စီမံကိန်း အကောင်အထည်ဖော်ဆောင်သောကာလအတွင်း လက်ရှိဇုန်အတွင်း၌တည်ရှိနေသည့် သစ်လုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုလုပ်ငန်းများကို အထူးစီမံတည်ဆောက်ထားသော အဆောက်အအုံ များသို့ ရွှေ့ပြောင်းဆောင်ရွက်စေမည်ဖြစ်ပါသည်။ ထိုသို့ အဆောက်အအုံအသစ်များသို့ ပြောင်းရွှေ့ ဆောင်ရွက်ရခြင်းကြောင့် လုပ်ငန်းများအတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု အခွင့်အလမ်းများကို ဖန်တီးပေးကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ယခင် အသုံးပြုခဲ့သော စက်ပစ္စည်းအဟောင်းများ နေရာ၌ ဆင်ဆာစနစ်များနှင့် အလိုအလျောက်ထိန်းချုပ် လည်ပတ် ဆောင်ရွက်နိုင်သည့်စနစ်များဖြင့် အစားထိုးဆောင်ရွက်လာနိုင်ကြောင်း၊ အဆောက်အအုံအား စုပေါင်းမျှဝေသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာ၍ စီးပွားရေးအရတွက်ခြေကိုက်မှုရှိကြောင်း ဖော်ပြထားပါသည်။

Sungei Kadut စက်မှုဇုန် စီမံကိန်းပထမအဆင့်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဟက်တာ ၄၀ ကျော်ရှိသည့် မြေနေရာအတွင်း လုပ်ငန်းများအတွက် ဘက်စုံသုံး အဆောက်အဦသစ်များကို ၂၀၂၅ ခုနှစ်တွင် ပြီးစီးအောင် တည်ဆောက် သွားမည်ဖြစ်ပါသည်။ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ ၃.၄ သန်း အကျယ်အဝန်းရှိပြီး၊ ကုန်ကျစရိတ် စင်ကာပူဒေါ်လာ ၆၅၀ သန်းခန့် ကုန်ကျမည့် ၎င်း ဘက်စုံသုံးအဆောက်အဦးသစ်များသို့ ရွှေ့ပြောင်းဆောင်ရွက်လုပ်ကိုင်ရန် ကုမ္ပဏီပေါင်း ၅၀ ခန့်က လည်း စိတ်ဝင်စားလျက်ရှိကြောင်း သိရှိရပါသည်။

စက်မှုဇုန်နယ်မြေအတွင်း အပင်များနှင့် ၎င်းတို့ကိုအဆောက်အဦအမိုးများတွင် စိုက်ပျိုးခြင်း အပါအဝင် အများပြည်သူ အပန်းဖြေသည့်နေရာများ၊ ပန်းခြံများကို ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်သောကြောင့် လက်ရှိ စင်ကာပူတွင် စိမ်းလန်းသောဝန်းကျင်လွှမ်းခြုံမှု ၁၀ ရာခိုင်နှုန်းသာရှိရာမှ ၄၀ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုဇုန်

စီမံကိန်းမိတ်ဆက်ပွဲကို အများပြည်သူများ လေ့လာနိုင်ရန်အတွက် ဖေဖော်ဝါရီလ ၁၉ ရက်နေ့အထိ ပြလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: Ministry of Trade & Industry, Singapore/ The Straits Times**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး–စင်ကာပူမြို့**

## STOCK EXCHANGE (10.2.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,000 | 11,500 | 11,000 | 4,779 | 53,992,500 | 27,112,747 | 311,797 |
| MTSH | 00002 | 4,100 | +100 | +2.50% | 4,000 | 4,100 | 4,000 | 3,873 | 15,552,100 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 51 | 428,400 | 10,400,986 | 87,368 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 1,647 | 37,881,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,900 | 2,900 | 2,850 | 1,040 | 2,964,200 | 12,823,224 | 36,546 |

### Market summary

As of 10th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 476.28 | +2.84 | +0.60% | 464.00 | 476.28 | 464.00 | 11,390 | 110,818,200 | 5 | 652,178 |

**Index chart**



## Market Overview

As of 1:00 pm, 10th Feb. 2020

| MYANPIX | 476.28 ▲ 2.84 |
|---|---|
| Total Volume (shares) | 11,390 |
| Total Value (MMK) | 111 mil |
| Listed Company | 5 |
| Market Cap. (MMK) | 652,178 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 4,100 | ▲ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |

TIR